Email : greendesert.tnty@gmail.com

ရန်ကုန်၊ မြန်မာ။ ။၁၂ရက်၊ ဇန်နဝါရီလ၊၂၀၁၇ ခုနှစ်။

**ယခုသုတေသနစာတမ်း အစီရင်ခံစာမှာ မြန်မာနိုင်ငံ၏ ပဋိပက္ခဖြစ်ပွားရာနယ်မြေအတွင်းရှိ မလေးရှားနောက်ခံ ဆီအုန်းစိုက်ခင်းစီမံကိန်းလုပ်ငန်းသည် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေခြင်း၊ မြေယာအဓမ္မသိမ်းဆည်းခြင်း နှင့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို ချိုးဖောက်နေခြင်းတို့ကို ဖော်ထုတ်ထားခြင်းဖြစ်ပါသည်။**

မကောင်းသတင်းနှင့်ကျော်ဇောနေသော ဆီအုန်းစိုက်ခင်းစီမံကိန်းလုပ်ငန်းများသည် မြန်မာနိုင်ငံအထိ ချဲ့ထွင်ပြန့်နှံ့လာပြီး မြန်မာနိုင်ငံတောင်ပိုင်းဒေသရှိ တနင်္သာရီတိုင်းဒေသကြီးတွင် ၁ ဒသမ ၈ သန်းကေကျော်အား လုပ်ပိုင်ခွင့် ရရှိထားပါသည်။ ရန်ကုန်မြို့တွင် ယနေ့သတင်းစာရှင်းလင်းပွဲကျင်းပသည့် သုတေသနစာတမ်းတွင် ယင်းဆီအုန်းစိုက်ခင်း စီမံကိန်းများစွာ ထဲမှ စီမံကိန်းတစ်ခု၏ ပတ်ဝန်းကျင်ရေးရာနှင့် လူမှုရေးရာ ထိခိုက်ပျက်စီးစေရန် လောင်စာမီးထိုးပေးနေမှုကို မှတ်တမ်းပြုစု ရေးသားထားပါသည်။ သုတေသနစာတမ်းဖြစ်သည့် **"အစိမ်းရောင် ကန္တာရ- တနင်္သာရီတိုင်းဒေသမှ ဒေသခံများ MSPP ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းကို ငြင်းဆန်အံတုမှု"** တွင် မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်အတွင်းရှိ မလေးရှားနောက်ခံပြု Myanmar Stark Prestige Plantation (MSPP) စီမံကိန်း၏ အကျိုးသက်ရောက်မှုများကို ဆန်းစစ်လေ့လာထားခြင်း ဖြစ်ပါသည်။ ယင်း **"အစိမ်းရောင် ကန္တာရ"** စာတမ်းကို www.flegt-alarm.org တွင် မြန်မာဘာသာ နှင့် အင်္ဂလိပ်ဘာသာ ၂ မျိုးစလုံးအား ရယူနိုင်ပါသည်။ ဤစာတမ်း၌ ယင်းစီမံကိန်းတွင် ပါဝင်ပတ်သက်နေသည့် ရင်းနှီးမြှုပ်နှံသူများအကြောင်း၊ မြန်မာတစ်မျိုးသားလုံးအပေါ် အကျိုးသက်ရောက်မှုရှိနေသည့် ပဋိပက္ခဖြစ်ပွားရာ နေရာဒေသများအကြောင်း၊ မြေယာသိမ်းဆည်းခံရမှုများ နှင့် စပ်လျဉ်းသည့် ဆိုးရွားပြင်းထန်သည့် ပြဿနာများ အကြောင်းအား မီးမောင်းထိုးပြ ထားပါသည်။

MSPP သည် ဒေါ်လာ ၃၆ ဒသမ ၇၅ သန်းရင်းနှီးမြှုပ်နှံထားသည့် မြန်မာမလေးရှားဖက်စပ်လုပ်ငန်းတစ်ခုဖြစ်ပြီး မလေးရှားနိုင်ငံအခြေစိုက် Glenealy Plantations နှင့် Samling Group တို့မှ ထောက်ပံ့ပေးထားသော Prestige Platform နှင့် မြန်မာနိုင်ငံအခြေစိုက် တပ်မတော်နှင့် ထိပ်သီးစီးပွားရေး အသိုင်းအဝိုင်းနှင့် အဆက်အသွယ်ရှိသူ လုပ်ငန်းရှင်တစ်ဦး ဖြစ်သော ဒေါ်မြသီတာဆွေတင် ပိုင်ဆိုင်သည့် Stark Industries တို့မှ ပူးတွဲဆောင်ရွက်နေသည့်လုပ်ငန်းတစ်ခုဖြစ်ပါသည်။ Samling Group ကို အဓိကပံ့ပိုးကူညီထားသည့်အဖွဲ့မှာ မေဘဏ်-Maybank (မလေးရှားနိုင်ငံ၏ ဘဏ်လုပ်ငန်းကြီးတစ်ခု) ဖြစ်ပြီး ယင်းဘဏ်သည် နော်ဝေအစိုးရ၏ ပင်စင်ရံပုံငွေအဖွဲ့၊ ဂျပန်-နိုင်ငံတစ်ကာပူးပေါင်းဆောင်ရွက်ရေးဘဏ် (JBIC) နှင့် ဥရောပသမဂ္ဂ နှင့် မြောက်အမေရိကရှိ ရံပုံငွေအဖွဲ့အစည်းပေါင်းများစွာမှ အထောက်အပံ့ရရှိထားခြင်းဖြစ်ပါသည်။ Samling အုပ်စု၏ ဆီအုန်းစိုက်ခင်းစီမံကိန်းလုပ်ငန်းများသည် ယခင်ကတည်းက နိုင်ငံတစ်ကာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့် မှုခင်းများစွာ နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများစွာကို ကျူးလွန်ခဲ့ဖူးပြီးဖြစ်သလို မြန်မာနိုင်ငံတွင်လည်း ထိုကဲ့သို့သော ကျူးလွန်မှုများ ပြုလုပ်မည်မှာ မလွဲဧကန်ပင် ဖြစ်ပါသည်။ အရေးတကြီးထိန်းသိမ်းရမည့် အဖိုးတန် သစ်တောမြေများကို အပြောင်ရှင်းလင်းခွင့်ပြုထားသည့် MSPP ကုမ္ပဏီဆီအုန်းစိုက်ခင်းကို ၂၀၁၁ ခုနှစ်တွင် လုပ်ပိုင်ခွင့် ပြုထားခဲ့ပြီး ယင်းစီမံကိန်းမြေနေရာတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တနင်္သာရီအမျိုးသားဥယျာဉ် အဖြစ် အဆိုပြုထားသည့် နေရာပါ ပါဝင်နေပါသည်။

တနင်္သာရီတိုင်းဒေသ၊ အရပ်ဘက်အဖွဲ့.အစည်းတစ်ခုဖြစ်သော တာကပေါ်အဖွဲ့.မှ နော်ပီသလောမှ " **မြန်မာနိုင်ငံတွင် မြေယာအသုံးပြုမှုအတန်းအစား ခွဲခြားရာတွင် ဝန်ကြီးဌာနများ အချင်းချင်းအကြား ချိတ်ဆက်ဆောင်ရွက်မှု မရှိသည်ကို**

Email : greendesert.tnty@gmail.com

**ယခုစီမံကိန်းဒေသက ထင်ရှားစွာပြသနေကြောင်းနှင့် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သည့် ရွာလေးရွာပိုင်ဆိုင်သော မြေနေရာတွင် ကြီးမားသည့် စိုက်ပျိုးရေး စီမံကိန်းကြီးအား ရင်းနှီးလုပ်ပိုင်ခွင့်ပြုထားရုံသာမက ယင်းမြေနေရာတွင် အခြားဝန်ကြီးဌာန တစ်ခုမှလည်း အမျိုးသားဥယျာဉ်တည်ထောင်ရန် အဆိုပြုထားသည်ကို တွေ့ရှိရပါသည်။ ယင်းအဖြစ်အပျက်သည် မည်သည့်ဝန်ကြီးဌာနမဆို မြေယာအသုံးပြုမှုမဆောင်ရွက်ခင် အောက်ခြေတွင် အမှန်တစ်ကယ်မြေအသုံးချမှုများအား ကွင်းဆင်းစစ်ဆေး၊ ဆန်းစစ်မှုမရှိကြောင်းကို သတိပေးနှိုးဆော်နေပါသည်။”**

MSPP လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေသော မြေနေရာသည် နှစ်ပေါင်း (၆၀) ကျော်ကြာ ပြည်တွင်းစစ်ဖြစ်ပွားခဲ့သော မြေနေရာဖြစ်ပါသည်။ မြန်မာ့တပ်မတော်မှ ဒေသခံဌာနေ ကရင်တိုင်းရင်းသားများအား ၎င်းတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်းကြောင့် ကရင်တိုင်းရင်းသားတို့မှာ ကျေးရွာ အနီး (သို့) တောတောင်များအတွင်းနှင့် စစ်ရှောင်စခန်းများအတွင်းတွင် မကြာခဏ ပုန်းအောင်းခိုလှုံခဲ့ကြရပါသည်။ ယခုငြိမ်းချမ်းရေးရပြီး ယင်းဌာနေစွန့်ပြေး ဒေသခံများအနေဖြင့် ၎င်းတို့ပိုင် ရပ်ရွာ၊ နေအိမ်များသို့ ပြန်လည်နေထိုင်ခွင့်ရရှိသည့်အချိန်တွင် MSPP ကုမ္ပဏီမှ ၎င်းတို့၏မြေနေရာများအား အဓမ္မသိမ်းဆည်းခြင်းကို ခံစားကြရပြန်ပါသည်။ ယင်းဆီအုန်း စိုက်ခင်း စီမံကိန်း၏ တည်နေရာသည် ကရင်တိုင်းရင်းသားလူဦးရေစုစုပေါင်း ၄၄၈၀နေထိုင်သည့် ကရင်ကျေးရွာလေးရွာ၏ မြေနေရာဖြစ်ပါသည်။ ထိုကုမ္ပဏီသည် ၂၀၁၁ ခုနှစ်ကတည်းက ဒေသခံများ၏ အသက်မွေးဝမ်းကြောင်းအတွက် မှီခိုနေရသည့် ကွမ်းသီးခြံနှင့် သီဟိုဠ်သရက်ခြံတို့ အများအပြားပါဝင်နေသည့် ဧက ၆၀၀၀ ကျော်အား ရှင်းလင်းခုတ်ထွင်ခဲ့ပါသည်။ ယခုအချိန်တွင် ဒေသခံမိသားစုအများစုမှာ အကြွေးနွံအတွင်း နစ်မြုပ်နေပြီး လုပ်ခလစာနည်းပါးသော နေ့စား အလုပ်သမားများအဖြစ် လုပ်ကိုင်စားသောက် နေရပါသည်။ ရွာသားအများစုမှာ ၎င်းတို့၏မိသားစုကို လောက်ငအောင် ကျွေးမွေး၊ ဆင်ယင်နိုင်ခြင်း မရှိတော့ပေ။ MSPP စိုက်ခင်းများမှ ဓါတုဓာတ်မြေသြဇာများ နှင့် ပိုးသတ်ဆေးများအား အသုံးပြုပြီး ထွက်ရှိလာသည့် အကြွင်းအကျန်များသည် ဒေသသုံးရေအရင်းအမြစ်များအား ညစ်ညမ်းစေရုံမျှမက ရွာသားများမှာ အရေပြားယားယံခြင်း၊ အခြားသော ကျန်းမာရေး ပြဿနာများ နှင့် ၎င်းရေကိုသောက်သုံးသော အိမ်မွေးတိရစ္ဆာန်ကျွဲ၊ နွားများသေဆုံးခြင်း တို့ကိုရင်ဆိုင်ကြုံတွေ့နေရပါသည်။ ယင်းသည် မြန်မာနိုင်ငံအတွင်းရှိ သဘာဝပတ်ဝန်းကျင်နှင့် သက်ဆိုင်သည့် ပြည်တွင်းဥပဒေများ နှင့် ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်း (UNDRIP)အရ ကရင်ဌာနေတိုင်းရင်းသားများရရှိရမည့် “ကောင်းစွာကြိုတင် အသိပေးထားသော ဒေသခံတိုင်းရင်းသားများ နှင့် လွတ်လပ်၍ ကြိုတင်အသိပေး သဘောတူညီချက်ရယူရမည့် သဘောတူညီချက် (FPIC) ” အခွင့်အရေး ကိုချိုးဖောက်နေပါသည်။

MSPP ဧရိယာအတွင်းရှိ သိမ်ပြင်ရွာသားတစ်ဦးမှ **“ငြိမ်းချမ်းရေးမရရှိခင် စစ်ဖြစ်နေသည့်အချိန်တုန်းက ကျွန်တော်တို့ တောအတွင်း ပုန်းအောင်းပြီးရင် စစ်ရပ်သည့်အချိန်မှာ ကိုယ့်နေရာကိုပြန်လာဖို့ ကိုယ့်မြေရှိသေးတယ်။ဒါပေမဲ့ အခုငြိမ်းချမ်းရေးရတော့ မှ ကျွန်တော်တို့မြေနေရာတွေအသိမ်းခံရပြီး ဘာပိုင်ဆိုင်မှုမှ မရှိတော့ဘူး၊ မြေပါ ပျောက်သွားတယ်”** ဟုပြောကြားခဲ့ပါသည်။

ထို့နောက် ဘောဆန္ဒေးရွာမှ ဒေသခံနောက်တစ်ဦးမှ **“ ကျုပ်တို့ ကွမ်းသီးခြံတွေရှိတုန်းက မိသားစုတစ်ခုလုံးကို ကောင်းကောင်း ထောက်ပံ့နိုင်ပြီး ကျုပ်တို့မြေကို ကျုပ်တို့ပိုင်တယ်။ မိသားစုဦးရေ ဘယ်လောက်များများ စိုးရိမ်ပူပန်ဖို့မလိုဘူး၊ အခုတော့ ကျုပ်တို့မှာ စားဝတ်နေရေးအတွက် နေ့တိုင်းပူပန်နေရတယ်။”** ဟုလည်းပြောကြားခဲ့ပါသည်။

**အစိမ်းရောင်ကန္တာရ** မှ MSPP ကုမ္ပဏီအား မြေယာပဋိပက္ခများအား ဖြေရှင်းပြီးဆုံးသည့် အချိန်တိုင်အောင် **စီမံကိန်းလုပ်ငန်းများ အားလုံးအား ရပ်ဆိုင်းထားရန်၊** ထိခိုက်ခံစားရသည့် ဒေသခံများအား **မျှတသည့်လျော်ကြေး ပေးဆောင်ရန်** နှင့် **ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများအား ဆန်းစစ်လေ့လာမှုတစ်ရပ် (EIA)ဆောင်ရွက်ရန်** ိ့ တိုက်တွန်းထားပါသည်။ ယင်းအပြင် သက်ဆိုင်ရာ ငွေကြေးထောက်ပံ့သည့် အဖွဲ့အစည်းများ အားလုံးအားလည်း MSPP လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု မပြုလုပ်စေရန် အရေးတကြီး အဆိုတင်သွင်းထားပါသည်။ MSPP စီမံကိန်းတွင် တွေ့ရှိသည့် အချက်အလက်များအား အခြေခံ၍ စာတမ်းမှ ဆက်လက်၍ အကြံပြုထားသည်မှာ လူ့အခွင့်အရေးအတွက် သင့်တော်သည့် အကာအကွယ်ပေးမှုများ နှင့် ပတ်ဝန်းကျင်ရေးရာ အစီအမံများ မဆောင်ရွက်ရသေးခင် **တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဆီအုန်းစိုက်ခင်းစီမံကိန်းများ အားလုံးအား ယာယီရပ်တန့်ထားရန်** ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များကို ဆက်လက်မေးမြန်းစုံစမ်းသိရှိလိုပါက အောက်ပါပုဂ္ဂိုလ်တို့အား ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဆက်သွယ်ရန်-**

(က) စစံငွေ - ၀၉ ၇၉၃၉၅၈၇၃၀ ( ကရင်ဘာသာ နှင့် မြန်မာဘာသာ)

(ခ) သရာအဲလ်ဖရဒ် - ၀၉၇၇၁၀၀၁၄၇၅ (ကရင်ဘာသာ နှင့် မြန်မာဘာသာ)

(ဂ) ဒေါ်တာရာမောင် - ၀၉ ၇၈၁၅၈၃၆၀၆ (မြန်မာဘာသာ နှင့် အင်္ဂလိပ်ဘာသာ)

**ဆက်သွယ်ရန်အီးမေးလ်**: greendesert.tnty@gmail.com